## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်

## (Environmental Compliance Certificate - ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၁၃၅၁ ) ရက်စွဲ။၂၀၂၅ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ (က) တွင် ဖော်ပြ ထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ (ခ) ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက် စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate - ECC) ကို ထုတ်ပေးလိုက်သည်-

| | | |
|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - Mr. Kanapod Nitsiriphat, Managing Director |
| (ခ) | **ဆက်သွယ်ရန် လိပ်စာ** | - BBWI & MCPC Co., Ltd., A 6, Market Garden, Kannar Road, Thar Kay Ta Quarter, Myeik Township, Myeik District, Tanintharyi Region, 09-750487676 |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - မြိတ်ခရိုင်၊ မြိတ်မြို့ရေပေးဝေရေးလုပ်ငန်း စီမံကိန်း |
| (ဃ) | **စီမံကိန်းကာလ** | - အခွင့်အမိန့်ရအဖွဲ့အစည်းကခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | - စီမံကိန်းဧရိယာ မြေဧရိယာ (၃၁၈.၀၆) ဧကခန့် |
| (စ) | **စီမံကိန်းတည်နေရာ** | - အရှေ့မော်တုံး (ဇလုံး)ကျေးရွာ၊ ဆင်ဒင်/ ပြင်ဝန်းကျေးရွာ၊ မြိတ်မြို့နယ်ရှိ တုံးဗျောကြီး (မွေ့ရှောင်) ကျေးရွာ၊ မဇော‌ကျေးရွာနှင့် ဒလ ရှောင်ကျေးရွာ၊ တနင်္သာရီမြို့နယ်နှင့် မြိတ်မြို့နယ်၊ မြိတ်ခရိုင်၊ တနင်္သာရီတိုင်းဒေသကြီး၊ |
| (ဆ) | **ECC သက်တမ်း (၅)နှစ်** | - စတင်ထုတ်ပေးရက် - ၁၇-၉-၂၀၂၅<br>သက်တမ်းကုန်ဆုံးရက် - ၁၆-၉-၂၀၃၀ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ** | - တနင်္သာရီတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ၉-၆-၂၀၂၅ရက်စွဲပါ စာအမှတ်၊ ၂/၈/၇ (၀၁-၀၃))၁၄၈၄/ ၂၀၂၅) ဖြင့် တင်ပြသည့် **"ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA)"** |



ဒေါ်/၂၄-၁၀-၂၀၂၅

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)

(လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန်)

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**စည်းကမ်းချက်များ**

၁။ စီမံကိန်းအဆိုပြုသူသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရမည်-

(က) ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန်၊

(ခ) ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံး ဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ဂ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဃ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေးဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(င) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(စ) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံ တစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်၊

(ဆ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား (၆) လ တစ်ကြိမ် ရေးဆွဲတင်ပြရန်၊

(ဇ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအရွယ်အစား၊ တည်နေရာ၊ ဆက်သွယ်ရန်လိပ်စာ၊ လုပ်ငန်း ဆောင်ရွက်မှု ရှိ/ မရှိ အခြေအနေများ ပြောင်းလဲမှုရှိပါက ဝန်ကြီးဌာနသို့ ဆက်သွယ် အကြောင်းကြားရန်၊

(ဈ) ဤဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာ ဆောင်ရွက်ရန်၊

(ည) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန်အတွက် ခွင့်ပြုမိန့်ထုတ်ပေးခြင်းမဟုတ်ဘဲ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး မြေအသုံးပြု ခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အခွင့်အမိန့်ရ အဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များ နှင့်အညီ ရယူလိုက်နာဆောင်ရွက်ရန်၊

(ဋ) ဤသက်သေခံလက်မှတ်သည် လုပ်ငန်းပိုင်ဆိုင်မှုနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂။ သက်ဆိုင်ရာ ခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့် ပယ်ဖျက်လျှင်သော်လည်းကောင်း၊ သက်တမ်းတိုးပေးခြင်း မရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာ ဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်း သည်လည်း အလိုအလျောက် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

နောက်ဆက်တွဲ(က)

**ဘရိုက်ဘလူးဝါးတားအပြည်ပြည်ဆိုင်ရာ ကော်ပိုရေးရှင်းကုမ္ပဏီလီမိတက်နှင့် မြိတ်ကော်ပိုရေးရှင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်တို့မှ မြိတ်ခရိုင်၊ မြိတ်မြို့ရေပေးဝေရေးလုပ်ငန်း စီမံကိန်းအကြောင်းအရာ**

၁။ ဘရိုက်ဘလူးဝါးတားအပြည်ပြည်ဆိုင်ရာ ကော်ပိုရေးရှင်းကုမ္ပဏီလီမိတက်နှင့် မြိတ်ကော်ပိုရေးရှင်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်တို့သည် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ သာကေတရပ်ကွက်တွင်တည်ရှိပြီး မြေဧရိယာ (၃၁၈.၀၆) ဧကခန့် ကျယ်ဝန်းသော မြိတ်ခရိုင်၊ မြိတ်မြို့ရေပေးဝေရေးစီမံကိန်းဖြစ်ပါသည်။ ၎င်းစီမံကိန်းအတွက် တနင်္သာရီတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ၉-၆-၂၀၂၅ ရက်စွဲပါ စာအမှတ်၊ ၂/၈/၇ (၀၁-၀၃)(၁၄၈၄/ ၂၀၂၅) ဖြင့် တင်ပြလာသည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) အား စိစစ်၍ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** Mr. Kanapod Nitsiriphat, Managing Director, BBWI & MCPC Co., Ltd., A 6, Market Garden, Kannar Road, Thar Kay Ta Quarter, Myeik Township, Myeik District, Tanintharyi Region, 09-750487676 ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** အဆိုပြုစီမံကိန်းသည် တနင်္သာရီမြစ်မှ ရေချိုရယူပြီး မြိတ်မြို့သို့ဖြန့်ဝေသော ရေပေးဝေရေးလုပ်ငန်းဖြစ်ကြောင်း၊ မြစ်ရေတင်စက်ရုံ၊ ရေသိုလှောင်ကန် နှင့် ရေသန့်စင်စက်ရုံများ တည်ဆောက်ပြီး ပိုက်လိုင်းများသွယ်တန်းကာ မြိတ်မြို့အတွင်း ရေဖြန့်ဝေ သည့်လုပ်ငန်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ခွင့်ပြုမိန့်အမှတ် (၃၈၆/ ၂၀၂၃) ရရှိထား ပြီး တည်ဆောက်/ ပြင်ဆင်မှု ကာလမှာ ၃ နှစ်ဖြစ်ပြီး ခွင့်ပြုမိန့်နှစ် ၃၀ ရရှိထားပါကြောင်း၊ မြစ်ရေတင် စက်ရုံ ၄.၅ ဧကသည် အရှေ့မော်တုံး( ဇလုံး)ကျေးရွာ၊ တနင်္သာရီမြို့နယ်တွင် တည်ရှိကြောင်း၊ မြစ်ရေတင် စက်ရုံ ၂.၉၅ ဧကသည် ဆင်ဒင်/ ပြင်ဝန်းကျေးရွာ၊ တနင်္သာရီမြို့နယ်တွင်တည်ရှိကြောင်း၊ မြစ်ရေတင်စက်ရုံ ၂.၈၄ ဧကသည် တုံးဗျောကြီး (မွေ့ရှောင်) ကျေးရွာ၊ မြိတ်မြို့နယ်တွင်တည်ရှိပြီး မြစ်ရေတင်စက်ရုံ (၃)ခု တည်ဆောက်အသုံးပြုမည်ဖြစ်ကြောင်း၊ တနင်္သာရီမြစ်မှရေကို ရေရရှိနိုင်သည့်လအလိုက် ထိုမြစ်ရေတင် စက်ရုံများမှတစ်ဆင့်ရယူကာ မြိတ်မြို့နယ်၊ မဓောကျေးရွာရှိ ရေသန့်စင်စက်ရုံ (၃၀၀) ဧကတွင် ရေသန့်စင် ပြီး ဒလရှောင်ရေသိုလှောင်ကန်မှတစ်ဆင့် ပိုက်လိုင်းများသွယ်တန်း၍ မြိတ်မြို့သို့ နေ့စဉ်ကုဗမီတာ (၁၀၀၀၀၀) ခန့် ရေသန့်ဖြန့်ဝေမည်ဖြစ်ကြောင်း၊ ဇလုံးကျေးရွာ၊ ဆင်ဒင်ကျေးရွာ၊ မွေ့ရှောင် ကျေးရွာတို့မှ တစ်နာရီလျှင် ၄၄၀၀ ကီလိုမီတာနှုန်းဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ နေရာတစ်ခုစီ၌ 500 HP ၃ခုစီရှိပြီး ၂

ခုကိုသာ အဓိက ထားအသုံးပြုဆောင်ရွက်မည်ဖြစ်ကြောင်း၊ ပုံမှန်သမားရိုးကျ ရေသန့်စင်ခြင်း လုပ်ငန်းတွင် (၁) အမြန်လည်စနစ်ဖြင့် အနည်အနှစ်စုစည်းစေခြင်း၊ (၂) အနှေးလည်စနစ်ဖြင့် အနည်အနှစ် စုစည်းစေခြင်း၊ (၃) အနည်ကျစေခြင်း၊ (၄) စစ်ထုတ်ခြင်း၊ (၅) ပိုးသတ်ခြင်း၊ (၆) အနည်အနှစ်များကို စွန့်ပစ်ခြင်း စသည်တို့ဖြစ်ကြောင်း၊ စီမံကိန်းမှ သန့်စင်ပြီးရေများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့်ပူးပေါင်း၍ မြို့တွင်းရှိ ရေဖြန့်ဝေရေးပိုက်လိုင်းများမှတစ်ဆင့် ရေဖြန့်ဝေမည်ဖြစ်ကြောင်း၊ အရှေ့မော်တုန်း(ဇလုံး) ကျေးရွာမှ မြစ်ရေပိုက်လိုင်းအား ၆၀ ကီလိုမီတာခန့်တပ်ဆင်ထားရှိမည်ဖြစ်ကြောင်း၊ Dredging method ဖြင့် ပိုက် ၂ ခုကို အသုံးပြုမည်ဖြစ်ခြင်းကြောင့် ၁၀၀ ကီလိုမီတာခန့် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ HDPE ပိုက်, metal and plastic ပိုက်၊ Steel ပိုက်၊ Ductile Iron- DI ပိုက်တို့တွင် အချင်း ၆၀၀- ၇၀၀ မီလီမီတာ ရှိပိုက်များကို ရေသန့်စင်စက်ရုံ၊ ရေစုပ်သည့်နေရာများနှင့်ချိတ်ဆက်၍ အသုံးပြုမည်ဖြစ်ကြောင်း၊ မြစ်ရေတင် ၃ နေရာမှ မဇော(ရေသန့်စင်စက်ရုံ) အထိ အကွာအဝေး ၄၃ ကီလိုမီတာရှိခြင်း၊ (Ductile Iron-DI) ပိုက်အသုံးပြုခြင်း၊ အချင်း ၁၀၀၀ မီလီမီတာ အသုံးပြုခြင်း၊ (၁) အရှေ့မော်တုန်း (ဇလုံး) ကျေးရွာမှ ဆင်ဒင်ကျေးရွာထိ အကွာအဝေး ၁၄ ကီလိုမီတာရှိ ခြင်း၊ (၂) ဆင်ဒင်ကျေးရွာမှ မွေ့ရှောင်ကျေးရွာအထိ အကွာအဝေး ၁၅ ကီလိုမီတာရှိခြင်း၊ (၃) မွေ့ရှောင်ကျေးရွာမှ မဇော (ရေသန့်စက်ရုံ) အထိ ၁၂ ကီလိုမီတာခန့် ရှိကြောင်း၊ မဇော ( ရေသန့်စင်စက်ရုံ) မှ ဒလရှောင် (ရေသိုလှောင်ကန်) ထိ အကွာအဝေး ၁၈ ကီလိုမီတာရှိခြင်း၊ DI ပိုက်အသုံးပြုခြင်း၊ အချင်း ၁၀၀၀ မီလီမီတာ အသုံးပြုခြင်း၊ ဒလရှောင်ရေသိုလှောင်ကန်မှ Circular 2 Road ထိ ၇ ကီလိုမီတာ၊ Circular 2 Road မှ ငွေပုလဲထိ ၁၀ ကီလိုမီတာ၊ ငွေပုလဲမှ ကျောက်ဖြူတောင်လမ်း အထိ ၄ ကီလိုမီတာ ဖြန့်ဝေကြောင်း၊ ဒလရှောင် (ရေသိုလှောင်ကန်) မှ ကျောက်ဖြူတောင်ထိ အကွာအဝေး ၉ ကီလိုမီတာရှိခြင်း၊ DI ပိုက်အသုံးပြုခြင်း၊ Diameter – ၁၀၀၀ မီလီမီတာအသုံးပြုခြင်း၊ ကျောက်ဖြူတောင်မှ မြိတ်မြို့ထိ အကွာအဝေး ၉ ကီလိုမီတာရှိခြင်း၊ DI ပိုက်အသုံးပြုခြင်း၊ အချင်း ၈၀၀ မီလီမီတာ အသုံးပြုခြင်း၊ မြို့ပတ်လမ်းမှ မြိတ်မြို့ထိ အကွာအဝေး ၉ ကီလိုမီတာရှိခြင်း၊ DI ပိုက်အသုံးပြုခြင်း၊ အချင်း ၈၀၀ မီလီမီတာ အသုံးပြုမည်ဖြစ်ကြောင်းဖော်ပြထားပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** မြစ်ရေ(ကြမ်း) သိုလှောင်ကန်(၄) ကန်ရှိပြီး မြေပြင်အပေါ်အတွက် သိုလှောင်ခြင်း ၅ မီတာနှင့် မြေအောက်အတွက်သိုလှောင်ခြင်း ၅ မီတာ သိုလှောင်ထားခြင်းနှင့် ၆,၀၀၀,၀၀၀ ကုဗမီတာ သိုလှောင်ထားနိုင်ခြင်း၊ ရေသန့်စင်ရာတွင် ဓာတုပစ္စည်းများအနေဖြင့် Aluminium Sulfate, Poly Aluminium Chloride (PAC), Chlorine powder တို့ကို အသုံးပြုကြောင်း၊ တည်ဆောက်ရေး ကာလတွင် ဂျင်နရေတာ 30-50 kVA အသုံးပြုမည်ဖြစ်ကြောင်း၊ အဆိုပြုစီမံကိန်း ကောင်းမွန်စွာလည်ပတ်နိုင်ရေးအတွက် လျှပ်စစ်ဓာတ်အား ၆ မီဂါဝပ်ခန့်လိုအပ်မည်ဖြစ်ပြီး အနာဂတ်တွင် ဇီဝလောင်စာကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် စက်ရုံတည်ဆောက်ပြီး လျှပ်စစ်

ဓာတ်အားရယူရန် လျာထားကြောင်းနှင့် တည်ဆောက်ရေးကာလတွင် ဝန်ထမ်းဦးရေ ၂၆၂ ဦးနှင့် လည်ပတ်ရေးကာလတွင် ၁၃၁ ဦး ခန့်အပ် အသုံးပြုသွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၅။ **စီမံကိန်းတည်နေရာ။** တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ တနင်္သာရီမြို့နယ်၊ အရှေ့မော်တုံး (ဇလုံး)ကျေးရွာ၊ ဆင်ဒင်/ ပြင်ဝန်းကျေးရွာ၊ မြိတ်မြို့နယ်ရှိ တုံးဗျောကြီး (မွေ့ရှောင်) ကျေးရွာ၊ မဒေါ ကျေးရွာနှင့် ဒလရှောင်ကျေးရွာတို့တွင်တည်ရှိသောစီမံကိန်းဖြစ်ပါသည်။

၆။ **စက်ယန္တရားပစ္စည်းများ။** အောက်ပါအတိုင်းဖြစ်ပါသည်-

| No | Particular | Rate | Unit |
|---|---|---|---|
| 1 | Pick up truck | 12 | set |
| 2 | Motorcycle | 20 | set |
| 3 | Truck with Crane 5 Tone | 5 | set |
| 4 | Truck with Crane 8 Tone | 5 | set |
| 5 | Excavator | | |
| | Excavator 40 | 12 | set |
| | Excavator 60 | 14 | set |
| | Excavator 120 | 15 | set |
| | Excavator 200 | 15 | set |
| 6 | Truck (6wheeler) | 10 | set |
| 7 | Mini Bus | 3 | set |
| 8 | Trailer Truck | 5 | set |
| 9 | JCB(Backhoe Loader) | 5 | set |
| 10 | Road tapping machine | 5 | set |
| 11 | Sedan Car | 4 | set |
| 12 | Minivan Car | 4 | set |

| No | Particular | Rate | Unit |
|---|---|---|---|
| 1 | Excavator | 20 | set |
| 2 | Bulldozer | 10 | set |
| 3 | Tractor | 10 | set |
| 4 | Road Roller (Compactor Truck) | 5 | set |
| 5 | Soil Grade car (Grader Truck) | 5 | set |
| 6 | Mobile Crane | 4 | set |
| 7 | Tower Crane | 1 | set |
| 8 | Truck with Crane | 10 | set |
| 9 | Truck | 50 | set |
| 10 | Concrete mixer truck | 10 | set |
| 11 | High pump concrete truck | 4 | set |
| 12 | Forklift car | 8 | set |
| 13 | Pick up truck | 20 | set |
| 14 | Motorcycle | 10 | set |

၇။ **ဓာတုပစ္စည်းအသုံးပြုမှု။** တစ်ဖက်ပါအတိုင်းဖြစ်ပါသည်-

Chemical Usage Rate per water production rate of 100,000 cubic meter/day

| No. | Description | Kg/Day | Kg/Month | Kg/Year |
|---|---|---|---|---|
| 1. | Chlorine | 3,200.00 | 96,000.00 | 1,168,000.00 |
| 2. | Alum Lump | 200.00 | 6,000.00 | 73,000.00 |
| 3. | Aluminium Sulphate | 44,000.00 | 1,320,000.00 | 16,060,000.00 |

၇။ ပိုက်အမျိုးအစားအသုံးပြုမှု။ အောက်ပါအတိုင်းဖြစ်ပါသည်-

| Sr. | Types |
|---|---|
| 1 | Steel pipe |
| 2 | Polyvinyl Chloride pipe |
| 3 | Polybutylene pipe |
| 4 | High Density Polyethylene pile |
| 5 | Cast Iron pipe |
| 6 | Ductile Iron pipe |
| 7 | Cast Iron Metal-Seated Gate Valve |
| 8 | Cast Iron Rubber-Seated Gate Valve |
| 9 | Butterfly Valve |
| 10 | Ball Valves |
| Sr. | Types |
| 11 | Check Valve |
| 12 | Quick-Opening Gate Valve |
| 13 | Foot Valve |
| 14 | Fire Hydrant |
| 15 | Air Valve |
| 16 | Blow Off |


## ဘရိုက်ဘလူးဝါးတားအပြည်ပြည်ဆိုင်ရာ ကော်ပိုရေးရှင်းကုမ္ပဏီလီမိတက်နှင့် မြိတ်ကော်ပိုရေးရှင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်တို့မှ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ စီမံကိန်းဧရိယာ (၃၁၈.၀၆) ဧက၌ မြိတ်ခရိုင်၊ မြိတ်မြို့ရေပေးဝေရေးလုပ်ငန်း စီမံကိန်း၏ တည်နေရာပြမြေပုံ






ဘရိုက်ဘလူးဝါးတားအပြည်ပြည်ဆိုင်ရာ ကော်ပိုရေးရှင်းကုမ္ပဏီလီမိတက်နှင့် မြိတ်ကော်ပိုရေးရှင်း
အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်တို့မှ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊
စီမံကိန်းဧရိယာ (၃၁၈.၀၆) ကေ၌ မြိတ်ခရိုင်၊ မြိတ်မြို့ရေပေးဝေရေးလုပ်ငန်း စီမံကိန်း၏
ရေသန့်စင်စက်ရုံနမူနာပုံစံ


ရေသန့်စင်စက်ရုံနမူနာပုံစံ



ဘရိုက်ဘလူးဝါးတားအပြည်ပြည်ဆိုင်ရာ ကော်ပိုရေးရှင်းကုမ္ပဏီလီမိတက်နှင့် မြိတ်ကော်ပိုရေးရှင်း
အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်တို့မှ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊
စီမံကိန်းဧရိယာ (၃၁၈.၀၆) ကေ၌ မြိတ်ခရိုင်၊ မြိတ်မြို့ရေပေးဝေရေးလုပ်ငန်း စီမံကိန်း၏
လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်



## ဘရိုက်ဘလူးဝါးတားအပြည်ပြည်ဆိုင်ရာ ကော်ပိုရေးရှင်းကုမ္ပဏီလီမိတက်နှင့် မြိတ်ကော်ပိုရေးရှင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်တို့မှ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ သာကေတရပ်ကွက်၊ စီမံကိန်းဧရိယာ (၃၁၈.၀၆) ဧက၌ မြိတ်ခရိုင်၊ မြိတ်မြို့ရေပေးဝေရေးလုပ်ငန်း စီမံကိန်း၏ Layout Plan



နောက်ဆက်တွဲ(ခ)

**ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ**

**ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ လိုက်နာဆောင်ရွက်ရမည့် ကတိကဝတ်များ**

၆။ ဘရိုက်ဘလူးဝါးတားအပြည်ပြည်ဆိုင်ရာ ကော်ပိုရေးရှင်းကုမ္ပဏီလီမိတက်နှင့် မြိတ်ကော်ပိုရေးရှင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်တို့သည် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်တွင်တည်ရှိပြီး မြေဧရိယာ (၃၁၈.၀၆) ဧကကျယ်ဝန်းသော မြိတ်ခရိုင်၊ မြိတ်မြို့ရေပေးဝေရေး စီမံကိန်းအတွက် တနင်္သာရီတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ၉-၆-၂၀၂၅ ရက်စွဲပါ စာအမှတ်၊ ၂/၈/၇ (၀၁-၀၃)(၁၄၈၄/ ၂၀၂၅)ဖြင့် တင်ပြလာသည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) တွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြား မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ များကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်နည်းစဉ်။** အဆိုပြုစီမံကိန်းသည် တနင်္သာရီမြစ်မှ ရေချိုရယူပြီး မြိတ်မြို့သို့ဖြန့်ဝေသော ရေပေးဝေရေးလုပ်ငန်းဖြစ်ကြောင်း၊ မြစ်ရေတင်စက်ရုံ၊ ရေသိုလှောင်ကန်နှင့် ရေသန့်စင်စက်ရုံများ တည်ဆောက်ပြီး ပိုက်လိုင်းများ သွယ်တန်းကာ မြိတ်မြို့အတွင်း ရေဖြန့်ဝေသည့်လုပ်ငန်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ခွင့်ပြုမိန့်အမှတ် (၃၈၆/ ၂၀၂၃) ရရှိထားပြီး တည်ဆောက်/ ပြင်ဆင်မှု ကာလမှာ ၃ နှစ်ဖြစ်ပြီး ခွင့်ပြုမိန့်နှစ် ၃၀ ရရှိထားပါကြောင်း၊ မြစ်ရေတင် စက်ရုံ ၄.၅ ကေသည် အရှေ့မော်တုံး( ဇလုံး)ကျေးရွာ၊ တနင်္သာရီမြို့နယ်တွင် တည်ရှိကြောင်း၊ မြစ်ရေတင်စက်ရုံ ၂.၉၅ ကေသည် ဆင်ဒင်/ ပြင်ဝန်းကျေးရွာ၊ တနင်္သာရီမြို့နယ်တွင် တည်ရှိကြောင်း၊ မြစ်ရေတင်စက်ရုံ ၂.၈၄ ကေသည် တုံးဗျောကြီး (မွေ့ရှောင်) ကျေးရွာ၊ မြိတ်မြို့နယ်တွင် တည်ရှိပြီး မြစ်ရေတင်စက်ရုံ (၃)ခု တည်ဆောက်အသုံးပြုမည်ဖြစ်ကြောင်း၊ တနင်္သာရီမြစ်မှ ရေကို ရေရရှိနိုင်သည့်လအလိုက် ထိုမြစ်ရေတင် စက်ရုံများမှတစ်ဆင့်ရယူကာ မြိတ်မြို့နယ်၊ မဒေါကျေးရွာရှိ ရေသန့်စင်စက်ရုံ (၃၀၀) ကေတွင် ရေသန့်စင်ပြီး ဒလရှောင် ရေသိုလှောင် ကန်မှတစ်ဆင့် ပိုက်လိုင်းများသွယ်တန်း၍ မြိတ်မြို့သို့ နေ့စဉ်ကုဗမီတာ (၁၀၀၀၀၀) ခန့်

ရေသန့်ဖြန့်ဝေမည်ဖြစ်ကြောင်း၊ ဇလုံးကျေးရွာ၊ ဆင်ဒင်ကျေးရွာ၊ မွေ့ရှောင် ကျေးရွာ၊ တစ်နာရီလျှင် ၄၄၀၀ ကီလိုမီတာနှုန်းဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ နေရာတစ်ခုစီ၌ 500 HP ၃ခုစီရှိပြီး ၂ ခုကိုသာ အဓိက ထားအသုံးပြုဆောင်ရွက်မည်ဖြစ်ကြောင်း၊ ပုံမှန်သမားရိုးကျ ရေသန့်စင်ခြင်း လုပ်ငန်းတွင် (၁) အမြန်လည်စနစ်ဖြင့် အနည်အနှစ်စုစည်းစေခြင်း၊ (၂) အနှေးလည်စနစ်ဖြင့် အနည်အနှစ် စုစည်းစေခြင်း၊ (၃) အနည်ကျစေခြင်း၊ (၄) စစ်ထုတ်ခြင်း၊ (၅) ပိုးသတ်ခြင်း၊ (၆) အနည်အနှစ်များကို စွန့်ပစ်ခြင်း စသည်တို့ဖြစ်ကြောင်း၊ စီမံကိန်းမှ သန့်စင်ပြီးရေများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့်ပူးပေါင်း၍ မြို့တွင်းရှိ ရေဖြန့်ဝေရေးပိုက်လိုင်းများမှတစ်ဆင့် ရေဖြန့်ဝေမည်ဖြစ်ကြောင်း၊ အရှေ့မော်တုန်း(ဇလုံး) ကျေးရွာမှ မြစ်ရေပိုက်လိုင်းအား ၆၀ ကီလိုမီတာခန့်တပ်ဆင်ထားရှိမည်ဖြစ်ကြောင်း၊ Dredging method ဖြင့် ပိုက် ၂ ခုကို အသုံးပြုမည်ဖြစ်ခြင်းကြောင့် ၁၀၀ ကီလိုမီတာခန့် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ HDPE ပိုက်, metal and plastic ပိုက်၊ Steel ပိုက်၊ Ductile Iron- DI ပိုက်တို့တွင် အချင်း ၆၀၀- ၇၀၀ မီလီမီတာ ရှိပိုက်များကို ရေသန့်စင်စက်ရုံ၊ ရေစုပ်သည့်နေရာများနှင့်ချိတ်ဆက်၍ အသုံးပြုမည်ဖြစ်ကြောင်း၊ မြစ်ရေတင် ၃ နေရာမှ မဇော (ရေသန့်စင်စက်ရုံ) အထိ အကွာအဝေး ၄၃ ကီလိုမီတာရှိခြင်း၊ (Ductile Iron-DI) ပိုက်အသုံးပြုခြင်း၊ အချင်း ၁၀၀၀ မီလီမီတာ အသုံးပြုခြင်း၊ (၁) အရှေ့မော်တုန်း (ဇလုံး) ကျေးရွာမှ ဆင်ဒင်ကျေးရွာထိ အကွာအဝေး ၁၄ ကီလိုမီတာရှိ ခြင်း၊ (၂) ဆင်ဒင်ကျေးရွာမှ မွေ့ရှောင်ကျေးရွာအထိ အကွာအဝေး ၁၅ ကီလိုမီတာရှိခြင်း၊ (၃) မွေ့ရှောင်ကျေးရွာမှ မဇော (ရေသန့်စက်ရုံ) အထိ ၁၂ ကီလိုမီတာခန့် ရှိကြောင်း၊ မဇော ( ရေသန့်စင်စက်ရုံ) မှ ဒလရှောင် (ရေသိုလှောင်ကန်) ထိ အကွာအဝေး ၁၈ ကီလိုမီတာရှိခြင်း၊ DI ပိုက်အသုံးပြုခြင်း၊ အချင်း ၁၀၀၀ မီလီမီတာ အသုံးပြုခြင်း၊ ဒလရှောင်ရေသိုလှောင်ကန်မှ Circular 2 Road ထိ ၇ ကီလိုမီတာ၊ Circular 2 Road မှ ငွေပုလဲထိ ၁၀ ကီလိုမီတာ၊ ငွေပုလဲမှ ကျောက်ဖြူတောင်လမ်းအထိ ၄ ကီလိုမီတာဖြန့်ဝေကြောင်း၊ ဒလရှောင် (ရေသိုလှောင်ကန်) မှ ကျောက်ဖြူတောင်ထိ အကွာအဝေး ၉ ကီလိုမီတာရှိခြင်း၊ DI ပိုက်အသုံးပြုခြင်း၊ အချင်း ၁၀၀၀ မီလီမီတာ အသုံးပြုခြင်း၊ ကျောက်ဖြူတောင်မှ မြိတ်မြို့ထိ အကွာအဝေး ၉ ကီလိုမီတာရှိခြင်း၊ DI ပိုက်အသုံးပြုခြင်း၊ အချင်း ၈၀၀ မီလီမီတာ အသုံးပြုခြင်း၊ မြို့ပတ်လမ်းမှ မြိတ်မြို့ထိ အကွာအဝေး ၉ ကီလိုမီတာရှိခြင်း၊ DI ပိုက်အသုံးပြုခြင်း၊ အချင်း ၈၀၀ မီလီ မီတာ အသုံးပြုမည်ဖြစ်ကြောင်းဖော်ပြထားပါသည်။

ပြည်ထောင်စု...
... ၅၀၀



(ဂ) **စီမံကိန်း တည်ဆောက်ရေးကာလတွင် မြေယာပြုပြင်မှုစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဒေသအာဏာပိုင်များ၊ ဒေသခံပြည်သူများ၊ မြေယာပိုင်ရှင်များနှင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ရန်၊

(၂) မြေယာများတွင် လက်ရှိစိုက်ခင်းများတည်ရှိပြီးအပင်များအတွက် သင့်လျော်သော လျော်ကြေးငွေများပေး၍ ညှိနှိုင်းဆောင်ရွက်ရန်၊

(၃) ဒေသခံပြည်သူများ၏ စီးပွားရေး ဧရိယာများမှဝေးရာ တည်နေရာများ၌ စီမံကိန်းဆောင်ရွက်ရန်၊

(၄) ဖယ်ရှားထားသော အပေါ်ယံမြေဆီလွှာများအား ပြန်လည် အသုံးပြုခြင်း၊ ဒေသခံပြည်သူများအား ဖျက်ဆီးမှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန်။

(ဃ) **လေအရည်အသွေး ထိခိုက်မှုလျော့ပါးစေ ရေးစီမံခန့်ခွဲမှု။** စီမံကိန်းတည်ဆောက်ရေး ကာလနှင့် လည်ပတ်ရေးကာလတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက် ရမည်-

(၁) ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများသယ်ဆောင်ရာ လမ်းကြောင်း တစ်လျှောက် ရေဖျန်းခြင်းအား နေ့စဉ်စစ်ဆေးရန်၊

(၂) ယာဉ်သွားရာလမ်းကြောင်းတစ်လျှောက် နေ့စဉ်စောင့်ကြပ်ကြည့်ရှုစစ်ဆေး ရန်၊

(၃) လမ်းမပေါ်၌ ယာဉ်ကြီးသွားလာမှုအား စနစ်တကျ စီမံခန့်ခွဲရန်၊

(၄) လောင်စာဆီအသုံးပြုမှုအား နေ့စဉ်ကန့်သတ်ရန်၊

(၅) စီမံကိန်းအတွင်း ယာဉ်သွားလာနှုန်းအားကန့်သတ်ရန်၊

(၆) စွမ်းအင်အသုံးပြုမှုအား စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန်၊

(၇) ယာဉ်ကြီးကြပ်ထိန်းသိမ်းခြင်းအား ဆောင်ရွက်ရန်၊

(၈) တစ်ကိုယ်ရေသုံးကာကွယ်ရေးပစ္စည်းများ ထောက်ပံ့ပေးရန်၊

(၉) စက်ပစ္စည်း၊ ယန္တရားများအား ပုံမှန်ထိန်းသိမ်း ဆောင်ရွက်ရန်၊

(၁၀) အတတ်နိုင်ဆုံးမီးခိုးငွေ့ထုတ်လွှတ်မှုလျော့ချစေရန် ပတ်ဝန်းကျင်နှင့် သင့်လျော်သော စက်များအား ရွေးချယ်အသုံးပြုရန်။

(င) **ဆူညံသံနှင့်တုန်ခါမှု ထိခိုက်မှုလျော့ပါးစေရေး စီမံခန့်ခွဲမှု။** စီမံကိန်းတည်ဆောက်ရေး ကာလနှင့် လည်ပတ်ရေးကာလတွင်အောက်ပါ အတိုင်းလိုက်နာ ဆောင်ရွက် ရမည်-

(၁) ဆူညံသံထွက်ရှိသည့် နေရာများအား သတိပေး ဆိုင်းဘုတ်များ တပ်ဆင် ဆောင်ရွက်ရန်၊

(၂) ဆူညံသည့် နေရာများ၌တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများ တစ်ကိုယ်ရေသုံးကာကွယ်ရေးပစ္စည်းများ ထောက်ပံ့ရန်၊

(၃) ညနေ ၇ နာရီမှ မနက် ၇ နာရီထိ ဆူညံသည့်စက်လည်ပတ်မှုအား ရှောင်ရှားရန်၊

(၄) မနက် ၇ နာရီမှ ညနေ၇ နာရီကြား လုပ်ငန်းဆောင်ရွက်ရန်၊

(၅) စံချိန်စံညွှန်းထက်ကျော်လွန်သည့် ဆူညံသံနှင့် တုန်ခါမှုများထွက်ရှိသည့် နေရာများ၌ သင့်လျော်သော အကာအကွယ်များ၊ အတားအဆီး များ အသုံးပြုရန်၊

(၆) ဆူညံသံနည်းသည့် ခေတ်မီစက်ပစ္စည်းသုံးစွဲမှုအား အားပေးဆောင်ရွက်ရန်။

(စ) **ရေအရည်အသွေးစီမံခန့်ခွဲမှု။** စီမံကိန်းတည်ဆောက်ရေးကာလနှင့် လည်ပတ်ရေးကာလတွင် အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(၁) ရေအသုံးပြုမှုနှင့် စွန့်ပစ်မှုတို့အားသင့်လျော်စွာ ဆောင်ရွက်ရန်၊

(၂) ယာယီ (သို့မဟုတ်) ရွှေ့လျားအိမ်သာများကို အလုပ်သမားဝန်ထမ်းများအတွက် လုံလောက်စွာထောက်ပံ့ပေးရန်၊

(၃) လောင်စာဆီအသုံးပြုမှု၊ ဓာတုအသုံးပြုမှုတို့အား လေ့ကျင့်သင်ကြားပြီးဖြစ်သော ပညာရှင်များနှင့်ဆောင်ရွက်ရန်၊

(၄) သဘာဝရေထဲသို့ အမှိုက်စွန့်ပစ်မှုအား အသိပညာပေးဟောပြောခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်းတို့ဖြင့် ကန့်သတ်တားမြစ်ရန်၊

(၅) သင့်လျော်သောရေအသုံးပြုမှု၊ စွန့်ပစ်မှုတို့အား ဆောင်ရွက်ရန်၊

(၆) သဘာဝရေထဲသို့ စွန့်ပစ်ပစ္စည်းစွန့်ပစ်ခြင်းအား စောင့်ကြပ်ကြည့်ရှုခြင်း၊ ပညာပေးခြင်းဖြင့် တားမြစ်ရန်၊

(၇) ရေဖြန့်ဝေခြင်းအား စောင့်ကြပ်ကြည့်ရှုခြင်း၊ တိုင်းတာခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းတို့အား ဆောင်ရွက်ရန်။

(ဆ) **မြေဆီလွှာအရည်အသွေးစီမံခန့်ခွဲမှု။** စီမံကိန်းတည်ဆောက်ရေးကာလနှင့်လည်ပတ်ရေးကာလတွင် အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(၁) လောင်စာဆီအသုံးပြုမှု၊ ဓာတုအသုံးပြုမှုတို့အား ကျွမ်းကျင်ပညာရှင်များ၏ လမ်းညွှန်မှုဖြင့် ကိုင်တွယ်အသုံးပြုရန်၊

(၂) အနက်များသည့်နေရာ၌ မြေဆီလွှာအားမရောက်ခင်အထိအပင်များအား သေချာစွာခုတ်ထွင်၍ ၎င်းအပင်များအားပြန်လည်ထိန်းသိမ်းစောင့်ရှောက်ရန်၊

(၃) မိုးရာသီ ရေစီးဆင်းစေရေး ရေမြောင်းများဒီဇိုင်းရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၄) မိုးရာသီ၌ စစ်ထုတ်ပြီးရေများ မဝင်ရောက်စေရေး ကာကွယ်ဆောင်ရွက်ရန်၊

(၅) ရေစစ်ချမှုကိုလျှော့ချခြင်းနှင့် အတားအဆီးမရှိဘဲ ရေပိုစီးဆင်းခြင်းအား ကာကွယ်ရန်နှင့် လျှော့စောက်နေရာများ၌ သဘာဝရေမြောင်းများအား ထိန်းသိမ်းရန်၊

(၆) စီမံကိန်းဝန်းကျင်ရှိ မြေဆီလွှာအရည်အသွေးအားထိခိုက်စေနိုင်သည့် လုပ်ငန်းဆောင်ရွက်ခြင်း၊ စွန့်ပစ်ခြင်းတို့အား ရှောင်ရှားရန်၊

(၇) ရေသန့်စင်စက်ရုံအနီး မြေဆီလွှာ ပုံမှန်စောင့်ကြပ်ကြည့်ရှုခြင်းနှင့် မကြာခဏ ဆောင်ရွက်ခြင်းတို့အား ဆောင်ရွက်ရန်။

(ဓ) **ကာကွယ်တောဧရိယာ စီမံခန့်ခွဲမှုနှင့် ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှု။** စီမံကိန်းတည်ဆောက်ရေးကာလနှင့်လည်ပတ်ရေးကာလတွင် အောက်ပါအတိုင်းလိုက်နာ ဆောင်ရွက်ရမည်-

(၁) စီမံကိန်းတည်ဆောက်ရေးကာလတွင်ကာကွယ်တောဧရိယာများနှင့် ဝေးသည့်နေရာများ၌ စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၂) လက်ရှိတည်ရှိသည့်ဇီဝမျိုးစုံမျိုးကွဲများအား စုံစမ်းစစ်ဆေးခြင်းနှင့် မှတ်တမ်းတင်ဆောင်ရွက်ရန်၊

(၃) လက်ရှိတည်ရှိသည့်ဇီဝမျိုးစုံမျိုးကွဲများအား ထိန်းသိမ်းရန်လျှော့ပါးစေရေးနည်းလမ်းများ တည်ဆောက်ရန်၊

(၄) တည်ဆောက်ရေးအလုပ်သမား ဝန်ထမ်းများအား အသိပညာပေးခြင်း၊ ပညာပေးခြင်းများ ဆောင်ရွက်ရန်၊

(၅) စီမံကိန်း မတည်ဆောက်မီ ကာလရှိဇီဝမျိုးစုံမျိုးကွဲများနှင့် စီမံကိန်းတည်ဆောက်ပြီးကာလရှိ ဇီဝမျိုးစုံမျိုးကွဲတို့အားနှိုင်းယှဉ်၍ စောင့်ကြပ်ကြည့်ရှုမှုတို့အား ဆောင်ရွက်ရမည်။

(ဈ) **လူနေမှုဘဝစနစ်စီမံခန့်ခွဲမှု။** စီမံကိန်းတည်ဆောက်ရေးကာလနှင့် လည်ပတ်ရေးကာလတွင် အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းဖွံ့ဖြိုးတိုးတက်စေရေး အရည်အချင်းတိုးတက်လာစေရန်ရည်ရွယ်၍ ဒေသခံပြည်သူများအား ဦးစားပေးခန့်အပ်ရန်၊

(၂) ဝင်ငွေရရှိရေး အပိုစီးပွားရေးလုပ်ငန်းများဆောင်ရွက်ရန်၊

(၃) ဒေသခံပြည်သူများ အမြဲတမ်းအလုပ်ရရှိခြင်း၊ စီးပွားရေးဆိုင်ရာအခွင့်အလမ်းများရရှိအောင်ဆောင်ရွက်ရန်၊

(၄) ဒေသခံပြည်သူများကို ဦးစားပေးခန့်အပ်ရန်၊

(၅) လူထုအကျိုးပြုအနေဖြင့် ပညာရေး၊ ကျန်းမာရေးကိုအဓိကထား ဆောင်ရွက်ရန်။

(ည) **ယဉ်ကျေးမှုအမွေအနှစ်များ စီမံခန့်ခွဲမှု။** စီမံကိန်းတည်ဆောက်ရေးကာလတွင် ထိုနေရာ၌တည်ရှိသည့် မည်သည့် ယဉ်ကျေးမှုအမွေအနှစ်များအား လေ့လာ၍ ပြန်လည်ဆောင်ရွက်ပေးခြင်းဆောင်ရွက်ရမည်။

(ဋ) **မြေယာစီမံးလန်းစိုပြေမှုစီမံခန့်ခွဲမှု။** စီမံကိန်းတည်ဆောက်ရေးကာလတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) တည်ဆောက်ရေးကာလ၌ ဆောင်ရွက်ထားသောမြေယာများအား ပြန်လည်ဖုံးအုပ်စေရေးဆောင်ရွက်ရန်၊

(၂) ဥယျာဉ်အသေးစားကဲ့သို့သော မြေယာစိမ်းလန်းစိုပြေမှုတို့အားဆောင်ရွက်ရန်။

(ဌ) **လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး စီမံခန့်ခွဲမှု။** စီမံကိန်းတည်ဆောက်ရေးကာလတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) တည်ဆောက်ရေးဝန်ထမ်းအလုပ်သမားများအား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရန် ကျွမ်းကျင်ပညာရှင်ဝန်ထမ်းများထားရှိဆောင်ရွက်ရန်၊

(၂) အလုပ်သမားဝန်ထမ်းများအား တစ်ကိုယ်ရေးသုံး ကာကွယ်ရေးပစ္စည်းများ ထောက်ပံ့ပေးရန်၊

(၃) အလုပ်လုပ်ရာနေရာများ၌ ယာယီ (သို့မဟုတ်) ရွှေ့လျားအိမ်သာများအား လုံလောက်စွာထောက်ပံ့ပေးရန်၊

(၄) လုံခြုံရေးနေရာများအတွက် လုပ်ထုံးလုပ်နည်းများ၊ ဆိုင်းဘုတ်များထားရှိဆောင်ရွက်ရန်။

(ဍ) **ဒေသခံပြည်သူဘေးအန္တရာယ်ကင်းရှင်းရေး စီမံခန့်ခွဲမှု။** စီမံကိန်းတည်ဆောက်ရေးကာလနှင့် လည်ပတ်ရေးကာလတွင် အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(၁) တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ မတော်တဆထိခိုက်မှုမဖြစ်စေရေးကာကွယ်ရန်အတွက် လိုအပ်သောဆွေးနွေးမှုများ၊ သတိပေးဆိုင်းဘုတ်များစသည်တို့ဆောင်ရွက်ရန်၊

(၂) ဒေသခံပြည်သူများအတွက် သောက်ရေ/ သုံးရေ ကျန်းမာရေးနှင့်ညီညွတ်စွာ သောက်သုံးနိုင်ရန် ရေအရည်အသွေးအားနေ့စဉ် စောင့်ကြပ်ကြည့်ရှုရန်၊

(၃) ရေသန့်စင်စက်ရုံနှင့် ရေသိုလှောင်ကန်များတွင် ကျန်းမာရေးနှင့်ညီညွတ်စွာ သောက်သုံးနိုင်ရန် လုံခြုံရေးမြင့်မားစွာဖြင့်ဆောင်ရွက်ရန်။

(ခ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** စီမံကိန်းတည်ဆောက်ရေးကာလနှင့် လည်ပတ်ရေးကာလတွင် အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(၁) စွန့်ပစ်ပစ္စည်းများစွန့်ပစ်ရာတွင် ဒေသရှိစည်ပင်သာယာရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်၊

(၂) အလုပ်သမားဝန်ထမ်းများမှ ထွက်ရှိလာသည့်စွန့်ပစ်ပစ္စည်းများ၊ တည်ဆောက်ရေးစွန့်ပစ်ပစ္စည်းများအား သီးခြားခွဲခြားစွန့်ပစ်ရန်၊

(၃) လိုအပ်သည့်တည်နေရာများ၌ အမှိုက်ပုံးများအား သင့်လျော်သော လေဗယ်အညွှန်းများကပ်၍ လုံလောက်စွာ ထားရှိဆောင်ရွက်ရန်၊

(၄) ရုံးပိုင်းဆိုင်ရာစွန့်ပစ်ပစ္စည်းများ၊ အလုပ်သမားဝန်ထမ်းများ၏ စွန့်ပစ်ပစ္စည်းများအတွက် သင့်လျော်သော စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုစနစ်အား တည်ဆောက်ရန်၊

(၅) နောက်ဆုံးစွန့်ပစ်ပစ္စည်းများအား ဒေသရှိစည်ပင်သာယာရေးအဖွဲ့အစည်းအာဏာပိုင်များဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊

(၆) စီမံကိန်းဧရိယာအတွင်း လိုအပ်သောနေရာများ၌ အမှိုက်ပုံးများပံ့ပိုးပေးရန်၊

(၇) စွန့်ပစ်ပစ္စည်းနှင့်ပတ်သက်သော အစီအစဉ်များဆောင်ရွက်ပေးရန်။

(ဂ) **စွန့်ပစ်ရေစီမံခန့်ခွဲမှု။** စီမံကိန်းတည်ဆောက်ရေးကာလနှင့် လည်ပတ်ရေးကာလတွင် အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(၁) ရေအသုံးပြုမှုလျှော့ချခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ ပြန်လည်ပြုပြင်အသုံးပြုခြင်းတို့အား ဆောင်ရွက်ရန်၊

(၂) တည်ဆောက်ရေးနေရာများနှင့် သန့်စင်စနစ်ဆောင်ရွက်သည့်နေရာများ၌ သင့်လျော်သော ရေမြောင်းများထားရှိဆောင်ရွက်ရန်၊

(၃) သင့်လျော်သော စွန့်ပစ်ရေစီမံခန့်ခွဲမှုနည်းလမ်းများအသုံးပြုရန်၊

(၄) ရေအသုံးပြုမှုလျှော့ချခြင်း၊ ကောင်းမွန်သောရေမြောင်းစနစ်များ ပံ့ပိုးပေးရန်၊

(၅) စွန့်ပစ်ရေများအား သဘာဝရေကိုယ်ထည်သို့ တိုက်ရိုက်စွန့်ပစ်ခြင်းအား ပြင်းထန်စွာကန့်ကွက်ခြင်းအားဆောင်ရွက်ရန်။

(တ) **ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု။** စီမံကိန်းတည်ဆောက်ရေးကာ... လည်ပတ်ရေးကာလတွင် အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများအတွက် လုပ်ထုံးလုပ်နည်းများ ထား... ဆောင်ရွက်ရန်၊

(၂) ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများအတွက် လမ်းညွှန်ချက်များ၊ စံနှုန်းများနှင့်အညီ စွန့်ပစ်စေရေး ကိုင်တွယ်ဆောင်ရွက်ရန်၊

(၃) ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများအတွက် လုပ်ထုံးလုပ်နည်းများ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၄) ရေသန့်စင်စက်ရုံမှထွက်ရှိလာသည့် အနည်အနှစ်များအား အုတ်ထုတ်လုပ်ရာတွင် ပြန်လည်အသုံးပြုရန်။

(ထ) **အရင်းအမြစ်သုံးစွဲမှု စီမံခန့်ခွဲမှု။** စီမံကိန်းတည်ဆောက်ရေးကာလနှင့် လည်ပတ်ရေးကာလတွင် အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(၁) သဘာဝ အရင်းအမြစ်များအသုံးပြုမှုလျှော့ချရန် 3R plan များဖြင့် ဆောင်ရွက်ရန်၊

(၂) သယ်ဓာတများသုံးစွဲရာတွင် အော်တိုမီးပိတ်သည့်စက်ပစ္စည်းကိရိယာများ အသုံးပြုရန်၊

(၃) စွမ်းအင်သုံးစွဲမှုလျော့နည်းစေသည့် စက်ပစ္စည်းကိရိယာများကို အသုံးပြုရန်။

(ဒ) **မြေပြိုမှုစီမံခန့်ခွဲမှု။** စီမံကိန်း လည်ပတ်ရေးကာလတွင် မြေပြိုမှုအားကာကွယ်ရန် အဆက်မပြတ်စောင့်ကြပ်ကြည့်ရှုခြင်း၊ ကျွမ်းကျင်ဝန်ထမ်းများထားရှိခြင်းနှင့် တိကျစွာခန့်မှန်းခြင်းတို့ဆောင်ရွက်ရမည်။

(ဓ) **ရေအရင်းအမြစ်စီမံခန့်ခွဲမှု။** စီမံကိန်းလည်ပတ်ရေးကာလတွင် အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည် -

(၁) တနင်္သာရီမြစ်ရေအရင်းအမြစ်အရည်အသွေးအား ပုံမှန်စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန်၊

(၂) မြစ်အရည်အသွေးအားထိန်းသိမ်းရန် လိုအပ်သောလူစွမ်းအားအရင်းအမြစ်၊ ပစ္စည်းကိရိယာများအား ထောက်ပံ့ဆောင်ရွက်ပေးရန်၊

(၃) မြစ်ကမ်းပါးပြိုကျခြင်း၊ ရေစီးလမ်းကြောင်းပြောင်းလဲခြင်းတို့အား ကာကွယ်ရန် မြစ်ရေအခြေအနေတို့အား စစ်ဆေးခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းတို့ဆောင်ရွက်ရန်၊

(၄) ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မာစတာပလန် အတိုင်း သင်တန်းများဆောင်ရွက်ရန်။

(န) **လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးစီမံခန့်ခွဲမှု။** စီမံကိန်းလည်ပတ်ရေးကာလတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) အမြဲတမ်းဝန်ထမ်းများအတွက် လိုအပ်သောသင်တန်းများ၊ ပစ္စည်းကိရိယာ များ ထောက်ပံ့ပေးရန်၊

(၂) အန္တရာယ်ရှိနိုင်သော အလုပ်လုပ်သည့်နေရာများ၌ လုပ်ငန်းကျွမ်းကျင်သော၊ အတွေ့အကြုံရှိသော ဝန်ထမ်းများကို ခန့်အပ်ရန်၊

(၃) တစ်ကိုယ်ရေသုံးကာကွယ်ရေးပစ္စည်းများ လုံလောက်စွာထောက်ပံ့ပေးရန်၊

(၄) ရေသန့်စင်စက်ရုံ၌ သတိပေးဆိုင်းဘုတ်များ၊ ဆစ်ဂနယ်များ၊ လုပ်ထုံးလုပ်နည်း များ၊ ဓာတုပစ္စည်းအသုံးပြုခြင်းဆိုင်ရာစာရွက်စာတမ်းများ ထောက်ပံ့ပေးရန်၊

(၅) မီးဘေးအန္တရာယ်ဆိုင်ရာ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်အခြေအနေ များအတွက် သင်တန်းများပံ့ပိုးပေးရန်။

(ပ) **ရေအသုံးပြုမှုတိုးလာခြင်း စီမံခန့်ခွဲမှု။** စီမံကိန်းလည်ပတ်ရေးကာလတွင် အောက်ပါ အတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အရင်းအမြစ်လျှော့နည်းစွာ အသုံးပြုစေရေးအတွက် အသိပညာပေးခြင်း၊ သင်တန်းများပေးခြင်းများ ဆောင်ရွက်ရန်၊

(၂) ဒေသရှိအာဏာပိုင်အဖွဲ့အစည်းများဖြင့် ချိတ်ဆက်၍ လိုအပ်ပါက ခေတ်နှင့် အညီ သင့်လျော်သောရေမြောင်းစနစ်များ အသုံးပြုရန်။

(ဖ) **အများပြည်သူနှင့်တွေ့ဆုံခြင်းအစီအစဉ်။** စီမံကိန်းဆောင်ရွက်သူနှင့်ဒေသခံများ အကြား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ နှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ် ပတ်သက်သူများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏အကြံပြုချက်နှင့် လိုလားချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရမည်။

(ဗ) **လူမှုရေးဆိုင်ရာတာဝန်ယူမှုအစီအစဉ်။** အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(၁) ကျန်းမာရေးဆိုင်ရာကဏ္ဍ-၀.၅ %၊

(၂) ပညာရေးဆိုင်ရာကဏ္ဍ-၀.၅%၊

(၃) လူမှုဖွံ့ဖြိုးရေးဆိုင်ရာကဏ္ဍ-၀.၅%၊

(၄) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကဏ္ဍ-၀.၂%၊

(၅) ရေနှင့်ပတ်သက်သည့်ပညာရေးဆိုင်ရာကဏ္ဍ-၀.၃%။

(ဘ) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** တည်ဆောက်ရေးကာလတွင် အောက်ပါ အတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေးစီမံခန့်ခွဲမှုတွင် PM 10, PH 2.5, SO2, NO2, CO, CO2, လေလမ်းကြောင်းအား(၆)လလျှင် (၁) ကြိမ်တိုင်းတာ၍ ရန်ပုံငွေ အမေရိကန် ဒေါ်လာ (၃၅၀၀) အား သုံးစွဲရန်၊

(၂) ဆူညံသံနှင့်တုန်ခါမှုတွင် (၆) လလျှင် (၁)ကြိမ် တိုင်းတာ၍ အမေရိကန်ဒေါ်လာ (၂၅၀၀) အား သုံးစွဲရန်၊

(၃) ရေအရည်အသွေးတွင် မြစ်ရေမှ pH, Color, Turbidity, Total Hardness, Total Suspended Solids, Lead, Arsenic, Chlorine, Ammonia, Nitrogen, COD, Cyanide, Copper, EC, DO, Temperature, Total Dissolved Solids, Salinity နှင့် စီမံကိန်းအတွင်းရှိမြေအောက်ရေမှ pH, Temperature, EC, TDS, DO, Turbidity, Salinity တို့အား (၆) လလျှင် (၁) ကြိမ် တိုင်းတာ၍ အမေရိကန်ဒေါ်လာ (၃၀၀၀) သုံးစွဲရန်၊

(၄) မြေဆီလွှာအရည်အသွေးတွင် pH, Arsenic, Cadmium, Chromium, Lead, Nickel တို့အား (၆)လလျှင် (၁)ကြိမ်တိုင်းတာ၍ အမေရိကန်ဒေါ်လာ (၁၅၀၀) သုံးစွဲရန်၊

(၅) အနံ့စီမံခန့်ခွဲမှုတွင် (၆)လလျှင်(၁)ကြိမ်တိုင်းတာ၍အမေရိကန်ဒေါ်လာ (၅၀၀) သုံးစွဲရန်၊

(၆) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင် အပတ်စဉ်စောင့်ကြပ်ကြည့်ရှု၍ အမေရိကန်ဒေါ်လာ (၅၀) သုံးစွဲရန်၊

(၇) ဇီဝမျိုးစုံမျိုးကွဲများအား (၁) ကြိမ်စောင့်ကြပ်ကြည့်ရှု၍ အမေရိကန်ဒေါ်လာ (၂၀၀၀) သုံးစွဲရန်။

(မ) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** လည်ပတ်ရေးကာလတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေးစီမံခန့်ခွဲမှုတွင် PM 10, PH 2.5, SO2, NO2, CO, CO2, လေလမ်းကြောင်းအား (၆)လလျှင် (၁)ကြိမ်တိုင်းတာ၍ ရန်ပုံငွေ အမေရိကန် ဒေါ်လာ (၃၅၀၀) အား သုံးစွဲရန်၊

(၂) ဆူညံသံနှင့်တုန်ခါမှုတွင် (၆) လလျှင် (၁) ကြိမ် တိုင်းတာ၍ အမေရိကန်ဒေါ်လာ (၂၅၀၀) အား သုံးစွဲရန်၊

(၃) ရေအရည်အသွေးတွင် မြစ်ရေမှ pH, Color, Turbidity, Total Hardness, Total Suspended Solids, Lead, Arsenic, Chlorine, Ammonia, Nitrogen, COD, Cyanide, Copper, EC, DO, Temperature, Total Dissolved Solids, Salinity နှင့် စီမံကိန်းအတွင်းရှိမြေအောက်ရေမှ pH, Temperature, EC, TDS, DO, Turbidity, Salinity တို့အား (၆) လလျှင် (၁) ကြိမ် တိုင်းတာ၍ အမေရိကန်ဒေါ်လာ (၆၀၀၀) သုံးစွဲရန်၊

(၄) မြေဆီလွှာအရည်အသွေးတွင် pH, Arsenic, Cadmium, Chromium, Lead, Nickel တို့အား (၆)လလျှင် (၁)ကြိမ်တိုင်းတာ၍ အမေရိကန်ဒေါ်လာ (၁၅၀၀) သုံးစွဲရန်၊

(၅) အနံ့စီမံခန့်ခွဲမှုတွင် (၆)လလျှင်(၁)ကြိမ်တိုင်းတာ၍အမေရိကန်ဒေါ်လာ (၅၀၀) သုံးစွဲရန်၊

(၆) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင် အပတ်စဉ်စောင့်ကြပ်ကြည့်ရှု၍ အမေရိကန်ဒေါ်လာ (၅၀) သုံးစွဲရန်၊

(၇) ဇီဝမျိုးစုံမျိုးကွဲများအား (၃)နှစ်လျှင် (၁)ကြိမ်စောင့်ကြပ်ကြည့်ရှု၍ အမေရိကန် ဒေါ်လာ (၂၀၀၀) သုံးစွဲရန်၊

(၈) ဖြန့်ဝေပြီးရေများတွင် pH, Color, Turbidity, Total Hardness, Total Suspended Solids, Lead, Arsenic, Residual Chlorine, Ammonia, Nitrogen, COD, Cyanide, Copper, EC, DO, Temperature, Total Dissolved Solids, Salinity တို့အား လစဉ်စောင့်ကြပ်ကြည့်ရှု၍ အမေရိကန် ဒေါ်လာ (၃၀၀၀) သုံးစွဲရန်၊

(၉) မြစ်ရေစီးလမ်းကြောင်းတွင် Flow Discharge, Water Level, Flow Velocity, Seasonal Flow Variability, Channel Morphology တို့အား စဉ်ဆက်မပြတ် စောင့်ကြည့်တိုင်းတာ၍ အမေရိကန်ဒေါ်လာ (၁၀၀၀၀) သုံးစွဲရန်။

(ယ) **ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် လျာထားအသုံးစရိတ်စီမံခန့်ခွဲမှု။** တည်ဆောက်ရေး ကာလတွင်အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) လေအရည်အသွေး စီမံခန့်ခွဲမှုအတွက် ရန်ပုံငွေ အမေရိကန်ဒေါ်လာ (၂၀၀၀)အား နှစ်စဉ်သုံးစွဲရန်၊

(၂) ရေအရည်အသွေး စီမံခန့်ခွဲမှုအတွက် ရန်ပုံငွေ အမေရိကန်ဒေါ်လာ (၂၀၀၀) အား နှစ်စဉ် သုံးစွဲမည်ဖြစ်ကြောင်း၊

(၃) မြေအရည်အသွေး စီမံခန့်ခွဲမှုအတွက် ရန်ပုံငွေ အမေရိကန်ဒေါ်လာ (၃၀၀၀) အား နှစ်စဉ်သုံးစွဲရန်၊

(၄) ဆူညံသံနှင့် တုန်ခါမှုစီမံခန့်ခွဲမှုအတွက် ရန်ပုံငွေအမေရိကန်ဒေါ်လာ (
အား နှစ်စဉ်သုံးစွဲရန်၊

(၅) အဖွဲ့အစည်းဆိုင်ရာဘေးအန္တရာယ်ကင်းရှင်းမှုအတွက် ရန်ပုံငွေအမေရိက
ဒေါ်လာ (၂၀၀၀) အား နှစ်စဉ်သုံးစွဲရန်၊

(၆) သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအတွက် ရန်ပုံငွေအမေရိကန်ဒေါ်လာ (၂၀၀၀) အား နှစ်စဉ်သုံးစွဲရန်။

(ဂ) **ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် လျာထားအသုံးစရိတ်။** လည်ပတ်ရေးကာလတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) လေအရည်အသွေး စီမံခန့်ခွဲမှုအတွက် ရန်ပုံငွေ အမေရိကန်ဒေါ်လာ (၅၀၀၀)အား နှစ်စဉ်သုံးစွဲရန်၊

(၂) ရေအရည်အသွေး စီမံခန့်ခွဲမှုအတွက် ရန်ပုံငွေ အမေရိကန်ဒေါ်လာ (၅၀၀၀) အား နှစ်စဉ်သုံးစွဲရန်၊

(၃) မြေအရည်အသွေး စီမံခန့်ခွဲမှုအတွက် ရန်ပုံငွေ အမေရိကန်ဒေါ်လာ (၆၀၀၀) အား နှစ်စဉ်သုံးစွဲရန်၊

(၄) ဆူညံသံနှင့် တုန်ခါမှုစီမံခန့်ခွဲမှုအတွက် ရန်ပုံငွေအမေရိကန်ဒေါ်လာ (၅၀၀၀) အား နှစ်စဉ်သုံးစွဲရန်၊

(၅) အဖွဲ့အစည်းဆိုင်ရာဘေးအန္တရာယ်ကင်းရှင်းမှုအတွက် ရန်ပုံငွေအမေရိကန် ဒေါ်လာ (၅၀၀၀) အား နှစ်စဉ်သုံးစွဲရန်၊

(၆) သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအတွက် ရန်ပုံငွေအမေရိကန်ဒေါ်လာ (၅၀၀၀) အား နှစ်စဉ်သုံးစွဲရန်။

(ဃ) **စွမ်းဆောင်ရည်မြှင့်တင်ရေးစီမံခန့်ခွဲမှု။** စီမံကိန်းတည်ဆောက်ရေးနှင့် လည်ပတ်ရေးကာလတွင် အောက်ပါ အတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ပတ်ဝန်းကျင်ဆိုင်ရာဝန်ထားများထားရှိခြင်းအတွက် အမေရိကန်ဒေါ်လာ (၁၀၀၀) သုံးစွဲရန်၊

(၂) ပတ်ဝန်းကျင်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်၊ အသိပညာပေးအစီအစဉ်များ၊ အစည်းအဝေးများအတွက် လိုအပ်ပါက အသိပညာပေးသင်တန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အမေရိကန်ဒေါ်လာ (၁၀၀၀) သုံးစွဲရန်။

(င) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများ မရှိစေရေးကြပ်မတ်ဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအနီးတစ်ဝိုက်ရှိ ဒေသမျိုးရင်းသစ်ပင်များကို စီမံကိန်းဧရိယာပတ်လည်တွင် ပြန်လည်စိုက်ပျိုး၍ စီမံကိန်းဧရိယာတစ်ဝိုက် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများဆောင်ရွက်ရန်။

(သ) **မတော်တဆထိခိုက်မှုစီမံခန့်ခွဲမှုအစီအစဉ်။** လုပ်ငန်းဆောင်ရွက်ခြင်းမှ ဖြစ်ပေါ်ပေးသောရေများတွင် မတော်တဆညစ်ညမ်းစေမှု၊ ပြည်သူလူထုကျန်းမာရေးထိခိုက်စေမှု၊ ဝမ်းလျှောဝမ်းပျက်ရောဂါများ၊ ကူးစက်ပျံ့ပွားစေသောရောဂါများမဖြစ်ပွားစေရေးနှင့် ရေသန့်ရှင်းကြည်လင်နေစေရေး စဉ်ဆက်မပြတ်ကြပ်မတ်စောင့်ကြည့် စစ်ဆေးရမည်။

(ဟ) **အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း။** ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုလားချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရမည်။

(ဠ) **တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်နှင့် လုပ်ငန်းပိတ်သိမ်းခြင်းအစီအစဉ်တို့အတွက် တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းတို့အား အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်းဖွဲ့စည်းဆောင်ရွက်ရမည်။

(အ) **လုပ်ငန်းပိတ်သိမ်းခြင်း။** လုပ်ငန်းပိတ်သိမ်းခြင်းကို ဆက်စပ်ဌာနဆိုင်ရာများ၏ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ပြီး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန စသည့်ဌာနများသို့ ပိတ်သိမ်းခြင်းမဆောင်ရွက်မီ တစ်လကြိုတင်၍ ပိတ်သိမ်းမည့်အစီအစဉ်ကိုတင်ပြရမည်။

**ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာလိုက်နာဆောင်ရွက်ရမည့်စည်းကမ်းသတ်မှတ်ချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆) တွင် ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP) အရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် တစ်ဖက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်း အစီအစဉ်ပါ စည်းကမ်းသတ်မှတ်ချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈ - ၂၀၃၀)၊ မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၂၀) တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ်နှင့်အညီ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ လျှောင်လှုပ်ခြင်းကဲ့သို့သော ဘေးအန္တရာယ်များအတွက် အစီအမံများရေးဆွဲ၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည်၊

(၂) စီမံကိန်းလုပ်ငန်းလည်ပတ်ရာမှ အနံ့ဆိုးထွက်ရှိမှုနှင့်စပ်လျဉ်း၍ အနံ့ယူနစ် ၅ မှ ၁၀ အတွင်းရှိစေရေးစီမံဆောင်ရွက်ရန်၊

(၃) စီမံကိန်းမှထွက်ရှိလာမည့် ဓာတုဗေဒစွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာဌာနမှသတ်မှတ်ထားသည့် နေရာတွင် စနစ်တကျထုတ်ပိုး၍ စွန့်ပစ်ရန်နှင့် လေဟာပြင် မီးရှို့မှုပပျောက်စေရေး ဆောင်ရွက်ရမည်၊

(၄) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှုအနံ့အသက်ဆိုးများထွက်ရှိမှု လျော့နည်းစေရေး လိုက်နာဆောင်ရွက်ရမည်၊

(၅) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိဆောင်ရွက်ရမည်၊

(၆) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ထွက်ရှိမှုလျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှုလျော့နည်းစေရေး ဆောင်ရွက်ရမည်၊

(၇) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုအတွက် ပုံမှန်လည်ပတ်နေသည့် ရန်ပုံငွေထားရှိဆောင်ရွက်ရမည်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းသတ်မှတ်ချက်များ။** စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) စိမ်ကိန်းလုပ်ငန်းမှထွက်ရှိသည့်ရေများအတွက် အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု)လမ်းညွှန်ချက် အပိုဒ် ၂.၅.၁ သောက်သုံးရေသန့်စင်မှုလုပ်ငန်းသည် အမျိုးသားအဆင့် သောက်သုံးရေစံချိန်စံညွှန်းများ ပြည့်မီအောင် စီမံဆောင်ရွက်ရန်၊

(၃) ဆူညံသံအတွက် စိမ်ကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့် နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၄) စိမ်ကိန်းနှင့် အခြားသက်ဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်။

(ဂ) **ရေအရည်အသွေးဆိုင်ရာစည်းကမ်းချက်များ။** ရေအရည်အသွေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) တနင်္သာရီမြစ်ရေ အသုံးပြုသော စိမ်ကိန်းဖြစ်၍ မြစ်ရေသုံးစွဲမှုကြောင့် တနင်္သာရီမြစ်ရေ အရည်အသွေးနှင့် ပမာဏထိခိုက်မှု မရှိစေရေး စီမံဆောင်ရွက်ရန်နှင့် အမြဲမပြတ်စောင့်ကြည့် စစ်ဆေးရန်၊

(၂) ဝန်ထမ်းများ၏စွန့်ပစ်ရေများ/ မိလ္လာအညစ်အကြေးများကိုစွန့်ပစ်ရာတွင် သဘာဝရေအား ထိခိုက်မှုမရှိစေရေး စနစ်တကျစွန့်ပစ်ရန်၊

(၃) စိမ်ကိန်းဘေးတစ်လျှောက်ရှိ စိုက်ပျိုးရေးလုပ်ငန်းများမှ အသုံးပြုသည့် ပိုးသတ်ဆေးများ၊ ဓာတုပစ္စည်းများမှတစ်ဆင့် မြစ်ရေထဲသို့စီးဝင်မှုမရှိစေရေး ကြီးကြပ်စီမံခန့်ခွဲရန်၊

(၄) ရေသန့်လုပ်ငန်းမှထွက်ရှိသော အနည်အနှစ်များကို ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်း ပါဝင်ခြင်း ရှိ/ မရှိ ဖြစ်ရပ်တစ်ခုချင်းစီအလိုက် ဆန်းစစ်ပြီး အခြေအနေပေါ်မူတည်၍ စီမံခန့်ခွဲရန်၊

(၅) ရေသန့်စင်စက်ရုံမှ ထွက်ရှိသောအနည်အနှစ်များကို ရေစစ်ထုတ်ပြီး မြေဖို့စွန့်ပစ်ရန်၊

(၆) စီမံကိန်း၏ မြစ်ရေစီးကြောင်းဘေးတစ်လျှောက်ရှိ လူနေအိမ်များမှ မြစ်ရေထဲသို့ အညစ်အကြေးစွန့်ထုတ်ခြင်း၊ စွန့်ပစ်ခြင်းမပြုစေရေးနှင့် စွန့်ပစ်ခြင်းမှတစ်ဆင့် ကျန်းမာရေးထိခိုက်မှု၊ ဝမ်းပျက်/ဝမ်းလျှောခြင်းဆိုင်ရာအသိပညာပေးဟောပြောခြင်းများပြုလုပ်ပေးရန်။

(ဃ) **အထွေထွေစည်းကမ်းချက်များ။** အထွေထွေစည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ရေပိုက်လိုင်းတစ်လျှောက် စီမံကိန်း မတည်ဆောက်မီနှင့် စီမံကိန်းဆောင်ရွက်ဆဲ ကာလများတွင် IUCN Red Lists ထဲတွင်ပါရှိသည့် အပင်နှင့် သတ္တဝါများ အရေအတွက်လျော့နည်းမှု အနည်းဆုံးဖြစ်စေရေး ကြီးကြပ်စီမံခန့်ခွဲရန်၊

(၂) ဓာတုပစ္စည်းအသုံးပြုသည့်ဝန်ထမ်းများမှ တစ်ကိုယ်ရေသုံးကာကွယ်ရေးပစ္စည်းများဝတ်ဆင်ဆောင်ရွက်စေရေး ကြပ်မတ်ဆောင်ရွက်ရန်၊

(၃) စက်ချို့ယွင်းမှုမှတစ်ဆင့် ရေဖြန့်ဝေရာတွင် မတော်တဆဖြစ်ပွားခြင်းဆိုင်ရာ ကျန်းမာရေးထိခိုက်မှု၊ ဝမ်းလျှောဝမ်းပျက်ဖြစ်ပွားမှုမဖြစ်စေရေး ကြီးကြပ်စီမံခန့်ခွဲရန်၊

(၄) လုပ်ငန်းဆောင်ရွက်ရာတွင် စက်ပစ္စည်းကိရိယာများအသုံးပြုခြင်း၊ လောင်စာဆီ အသုံးပြုခြင်း၊ ဓာတုပစ္စည်းအသုံးပြုခြင်းမှ မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေး အထူးအလေးထားဆောင်ရွက်ရန်၊

(၅) မြစ်ရေတင်/ ရေတွန်းစက်၊ ရေသန့်သိုလှောင်ကန်၊ ရေသန့်စင်စက်ရုံ ဘေးတစ်လျှောက်ရှိကျေးရွာများမှ သော်လည်းကောင်း၊ ဝန်ထမ်းများမှ သော်လည်းကောင်း၊ လမ်းသွားလမ်းလာများမှသော်လည်းကောင်း မြစ်ရေထဲသို့ အမှိုက်စွန့်ပစ်မှုမရှိစေရေး အသိပညာပေးဟောပြောခြင်းများဆောင်ရွက်ခြင်း၊ ကြီးကြပ်စီမံခန့်ခွဲရန်၊

(၆) မမျှော်လင့်ထားသောရာသီဥတုဆိုးဝါးမှု၊ မြစ်ရေအတက်/ အကျရှိမှုတို့ကြောင့် စီမံကိန်းလည်ပတ်ရာတွင် ရေစီးလမ်းကြောင်းအား စဉ်ဆက်မပြတ် စောင့်ကြည့်စစ်ဆေးစီမံခန့်ခွဲရန်။

(င) **ရေရှည်တည်တံ့စေသော ထုတ်လုပ်မှုနှင့်သုံးစွဲမှုဆိုင်ရာစည်းကမ်းချက်များ။** စီမံကိန်း အဆိုပြုသူသည် စီမံကိန်းတွင် ကုန်ကြမ်းပစ္စည်းများ၊ စွမ်းအင်နှင့်ရေတို့ကို ထိရောက် အကျိုးရှိစွာသုံးစွဲကြောင်း သေချာစေရန် သင့်လျော်သောနည်းလမ်းများကို ဆောင်ရွက် ရမည်။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများတွင် အသုံးပြုသည့် ကုန်ကြမ်း ပစ္စည်းများနှင့်သုံးစွဲမည့်ရေပမာဏတို့ကို မှတ်တမ်းတင်ထားရမည်ဖြစ်ပြီး၊ ပတ်ဝန်းကျင်

ဆိုင်ရာ ထိခိုက်မှုများကို လျှော့ချနိုင်မည့် သို့မဟုတ် ကုန်ကြမ်းပစ္စည်းနှင့် သုံးစွဲရေ တို့ကို ပိုမိုထိရောက်အကျိုးရှိစွာ အသုံးပြုနိုင်မည့် သင့်လျော်သောအစားထိုးပစ္စည်းများ ရရှိနိုင်ခြင်း ရှိ/ မရှိကို အနည်းဆုံး (၃) နှစ် တစ်ကြိမ် ဆန်းစစ်သုံးသပ်၍ မှတ်တမ်းတင်ထားရှိရမည်။

(စ) **လေအရည်အသွေးဆိုင်ရာစည်းကမ်းချက်များ။** စီမံကိန်းလုပ်ငန်းတွင် လေအရည်အသွေးအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်(ECC)တွင် သတ်မှတ်ဖော်ပြထားသည့် သတ်မှတ်စံနှုန်းများထက် ကျော်လွန်မှုမရှိစေရေးနှင့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ဆ) **ဆူညံသံနှင့်တုန်ခါမှုဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းလည်ပတ်ရာမှ ထွက်ရှိလာသော ဆူညံသံများကို ကောင်းမွန်စွာ ထိန်းချုပ်ထားရှိသည့် နည်းလမ်းများကို ဆောင်ရွက်ရမည်ဖြစ်ပြီး ဆူညံသံမြင့်မားသော လုပ်ငန်းခွင်တွင် အလုပ်လုပ်ကိုင်လျက်ရှိကြသည့် အလုပ်သမားများအတွက် လိုအပ်သည့် တစ်ကိုယ်ရေသုံးကာကွယ်ပစ္စည်းများ ဖြစ်သည့် နားကြပ်များ၊ နားအုပ်များကို လုံလောက်စွာထားရှိရမည်။

(ဇ) **သဘာဝဘေးအန္တရာယ်ဆိုင်ရာ စည်းကမ်းချက်များ။**သဘာဝဘေးအန္တရာယ် ဆိုင်ရာ စည်းကမ်းချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက် ရမည်-

(၁) သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားပါက ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်ရေး Emergency Respond Plans များ ရေးဆွဲ၍ လိုက်နာဆောင်ရွက်ရန်၊

(၂) ငလျင်ဘေးအန္တရာယ်နှင့် ပတ်သက်၍ ဝန်ထမ်းများအား အသိပညာပေးခြင်း၊ သင်တန်းပေးခြင်း၊ ဓာတ်တိုက်လေ့ကျင့်ပေးခြင်းနှင့် ဘေးအန္တရာယ် ဖြစ်ပွားပါက ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်မည့် အစီအမံများ ရေးဆွဲထားရှိ၍ လိုက်နာဆောင်ရွက်ရန်၊

(၃) မီးဘေးအန္တရာယ်ကာကွယ်ရေး စီမံကိန်းဧရိယာနှင့် အနီးဝန်းကျင်တွင် မီးတားလမ်းများ ဖောက်လုပ်ထားရှိခြင်း၊ မီးသတ်ဆေးဗူး၊ မီးသတ်ပိုက်များ လုံလောက်စွာ ထားရှိခြင်း၊ မီးသတ်ကန်များတည်ဆောက်ထားရှိ၍ မြို့နယ် မီးသတ်ဦးစီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ အလေးထား လိုက်နာဆောင်ရွက်ရန်။

(ဈ) **အရေးပေါ်ဘေးအန္တရာယ်တုံ့ပြန်မှုဆိုင်ရာ စည်းကမ်းချက်များ။** အောက်ဖော်ပြပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် လုပ်သားများအားလုံးအား တည်ဆောက်ခြင်းနှင့် လုပ်ငန်းလည်ပတ်ခြင်းကာလတွင် အရေးပေါ်ဘေးအန္တရာယ်ဆိုင်ရာ သင်တန်းများပေးခြင်း၊ ဓာတုပစ္စည်းများနှင့် အခြားပစ္စည်းများ၊ စက်ပစ္စည်းများအား ကိုင်တွယ်အသုံးပြုရာတွင် လိုအပ်သော လုပ်ငန်းခွင်သုံး ကာကွယ်ရေးပစ္စည်းများ (PPEs) အား ထောက်ပံ့ပေးရန်၊

(၂) စီမံကိန်းအဆိုပြုသူသည်စီမံကိန်းလုပ်ငန်းလည်ပတ်ခြင်းမစတင်မီတွင်မီးဘေး၊ ရေဘေးနှင့် သဘာဝဘေးအန္တရာယ်များပါဝင်သော အရေးပေါ်အစီအစဉ်နှင့် အရေးပေါ်ကိစ္စရပ်များအတွက် လုပ်ထုံးလုပ်နည်းအား ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ည) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာစည်းကမ်းချက်များ။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြစ်ရေထုတ်ယူသုံးစွဲခြင်းကြောင့် တနင်္သာရီမြစ်အတွင်းရှိ ငါးမျိုးစိတ်များအပေါ် ထိခိုက်မှုမရှိစေရေး စီမံဆောင်ရွက်ရန်နှင့် တနင်္သာရီမြစ်၏ ဂေဟာစနစ်များအပေါ်ထိခိုက်မှုမရှိစေရေး စီမံဆောင်ရွက်ရန်၊

(၂) အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူ ခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများ မရှိစေရေးကြပ်မတ်ဆောင်ရွက်ရန်၊

(၃) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအနီးတစ်ဝိုက်ရှိ ဒေသမျိုးရင်းသစ်ပင်များကို စီမံကိန်းဧရိယာပတ်လည်တွင် ပြန်လည်စိုက်ပျိုး၍ စီမံကိန်းဧရိယာတစ်ဝိုက် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများဆောင်ရွက်ရန်။

(ဋ) **ပြုပြင်ထိန်းသိမ်းခြင်းနှင့်စစ်ဆေးမှုခံယူခြင်းဆိုင်ရာစည်းကမ်းချက်များ။** စီမံကိန်းတွင် အသုံးပြုလျက်ရှိသည့် စက်ယန္တရားပစ္စည်းကိရိယာများအား ပုံမှန်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရမည်။

(ဌ) **ကျန်းမာရေးနှင့်လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များ။** ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး

တို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေးတို့ကိုဆောင်ရွက်ရန်၊

(၂) ကျန်းမာရေးနှင့် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် သက်ဆိုင်ရာ ကဏ္ဍအလိုက် သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(ဍ) **ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) အများပြည်သူများသုံးစွဲနေသော တနင်္သာရီမြစ်ရေအား အသုံးပြုသောစီမံကိန်းဖြစ်၍ စီမံကိန်းလည်ပတ်ဆောင်ရွက်ခြင်းကြောင့် ဒေသခံပြည်သူများ ထိခိုက်နစ်နာမှုမရှိစေရေးအတွက် Grievance Redress Mechanism (GRM) Community Engagement Plan (CEP) ရေးဆွဲအကောင်အထည်ဖော်ရန်၊

(၂) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေးလုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်၊

(၃) စီမံကိန်းအနီးပတ်ဝန်းကျင်ဧရိယာအတွင်း အနီးပတ်ဝန်းကျင်ရှိ ဒေသခံပြည်သူများအတွက် ပံ့ပိုးဆောင်ရွက်မည့် Community Development Plan နှင့် လူမှုရေးဆိုင်ရာ ပူးပေါင်းတာဝန်ယူမှုအစီအစဉ် (Corporate Social Responsibility-CSR) ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၄) ဒေသခံပြည်သူများ (Stakeholders)နှင့် စဉ်ဆက်မပြတ်တွေ့ဆုံ ဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုလားချက်များအား အလေးထား ပေါင်းစပ်ဆောင်ရွက်ရန်။

(ဎ) **လုပ်ငန်းပိတ်သိမ်းခြင်းဆိုင်ရာစည်းကမ်းချက်များ။** အောက်ဖော်ပြပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ပိတ်သိမ်းခြင်းလုပ်ငန်းများကို အစီရင်ခံစာတွင် ဖော်ပြထားသည့် လုပ်ငန်းပိတ်သိမ်းရာ၌ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအတိုင်း လုပ်ငန်းစတင်ဆောင်ရွက်စဉ်ကပင် ကြိုတင်စီစဉ်ထားရှိ လိုက်နာဆောင်ရွက်ရန်နှင့် စီမံကိန်းအဆိုပြုသူသည် ပိတ်သိမ်းရန် စီစဉ်ထားသည့်အချိန်မတိုင်မီ (၁) နှစ်ထက်နောက်မကျစေဘဲ အပြီးသတ်ပိတ်သိမ်းခြင်းအစီအစဉ်ကို တင်ပြရန်၊

(၂) စီမံကိန်းကြောင့် ပျက်စီးသွားသည့် နေရာများတွင် ဒေသနှင့်ကိုက်ညီသည့် သစ်ပင်များ ပြန်လည်စိုက်ပျိုးရန်နှင့် ရှင်သန်ကြီးထွားသည်အထိ အစီရင်ခံစာ၌ ဖော်ပြထားသည့် ကတိကဝတ်အတိုင်း တာဝန်ယူကြီးကြပ်ဆောင်ရွက်ရန်၊

(၃) မြေဆီလွှာပျက်စီးသွားသည့် နေရာများအား သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၏ လမ်းညွှန်ချက်နှင့်အညီ မြေညှိခြင်း၊ မြေပြုပြင်ခြင်း၊ အပေါ်ယံမြေဆီလွှာများ ဖုံးအုပ်ခြင်းတို့ကို ဆောင်ရွက်ရန်နှင့် ဒေသနှင့်ကိုက်ညီသော နှစ်ရှည်ပင်များ စိုက်ပျိုးရန်၊ အပင်များ ရှင်သန်ကြီးထွားသည်အထိ တာဝန်ယူဆောင်ရွက်ရန်။

(ဏ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော သို့မဟုတ် ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်း မရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့်အသိပေးတင်ပြရမည်။ ပျက်ကွက်မှုတစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန်

လိုအပ်သည့် အကြောင်းကိစ္စရပ်ကို (၂၄) နာရီအတွင်း လည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များ အားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ (၇) ရက်အတွင်းလည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရမည်၊

(၆) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့်အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတို့ကို တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိကပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ ဆောင်ရွက်ရန် အဆိုပြုခြင်းဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရမည်၊

(၇) စီမံကိန်းဧရိယာအတွင်းတွင် မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေပြောင်းလဲမှုများကြောင့် လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ် မူတည်၍ သက်ဆိုင်ရာကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရမည်၊

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာတင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ တင်ပြရန်၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှုဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့်အချိန်အထိ တိုးတက်မှုတို့ကို တင်ပြရန်၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့်အလားတူ အခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံ

ရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြု သည့် ဆောင်ရွက်မှုများကို တင်ပြရန်၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက် သည့်အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှု ဆောင်ရွက်ချက် များနှင့် ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော် တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များကို တင်ပြရန်၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အတိုင်းအတာနှင့် စည်းကမ်း ချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှုကို တင်ပြရန်။

(၉) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက် ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြန်ပြေပုံများ၊ လုပ်သားနေရာထိုင်ခင်း စီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်း အစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရန်။

(ဏ) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက် များ။** စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်နှင့်သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထု ပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများတွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်းဆက်သွယ် သတင်းပို့ အကြောင်းကြားရမည်။

(တ) **လူမှုတာဝန်သိအစီအစဉ် (CSR) ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** လူမှုတာဝန်သိ အစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိ သို့မဟုတ် စီမံကိန်းမဆောင်ရွက်မီကာလထက်မနိမ့်ကျသော လူမှုစီးပွားရေး

တည်ငြိမ်ခိုင်မာမှုရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Township Development Plans)များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရန်။

(၁) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စီမံကိန်းနှင့်ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့်ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာကတိကဝတ်များအား ဖြန့်ဝေအသိပေးထုတ်ဖော် ကြေညာရမည်။

(၈) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည်သက်ဆိုင်ရာအခွင့်အမိန့်ရ အဖွဲ့အစည်းထံမှ စာဖြင့်ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့်ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ

စည်းကမ်းသတ်မှတ်ချက်များနှင့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီအစဉ်၊ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရန် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင်ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်း ရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့် တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ် အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများစသည်တို့ ပါဝင်ရမည်။ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရမည်။ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရန်နှင့် ဝန်ကြီးဌာနမှစာဖြင့် သီးခြားရေးသား သဘောတူထားခြင်း မရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရမည်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့် နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယားနှင့် မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကိုရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆) လ တစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့တင်ပြသည့်နေ့ရက်မှ (၁၀) ရက်အတွင်း ထုတ်ဖော်ကြေညာရမည်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင် ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရမည်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ (၁၀) ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင်လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူစုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင်လည်းကောင်း အများပြည်သူသိရှိနိုင်စေရန် တင်ပြရမည်။ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီးနောက် (၁၀) ရက်အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ဆောင်ရွက်ရမည်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများသို့မဟုတ်စီမံကိန်းနှင့်ဆက်စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်း လုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအားကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက် ကြည့်ရှုနိုင်ရေး ခွင့်ပြုရမည်၊

(၇) အရေးပေါ်အခြေအနေတစ်ရပ်ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့် အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက်နိုင်ရေး ခွင့်ပြုရမည်၊

(၈) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနကစစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့် လေနမူနာများရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျစ်တယ် စာတွဲများအပါအဝင် စာရွက်စာတမ်း အထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်း အပါအဝင်

မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရမည်၊

(ဇ) ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင် စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များ ကျခံခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှကျခံရမည်။

**သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ဖော်ပြပါအချက်တို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅) နှစ်ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းမကုန်ဆုံးမီ (၆) လ ကြိုတင်၍သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ (၂) နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း (၃၀) ထက် နောက်မကျစေဘဲ ဤဦးစီးဌာနသို့ စာဖြင့်သတင်းပို့ အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလ မည်မျှလိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့် ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့်ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ရရှိပြီး (၂) နှစ်အတွင်း စီမံကိန်းကိုထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း(EIA) ကို အသစ်ပြုလုပ်တင်ပြရမည်၊

(ဃ) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း (EIA) ကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန်ညွှန်ကြားပါက စီမံကိန်း အဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှု မရှိခြင်း၊

(၂) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်း အချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း(EIA) ကို မူလ အတည်ပြု ခဲ့သည့်အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများ ရှိခြင်း၊

(၄) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည်မူလ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း(EIA) ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့ စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက်ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သောနည်းလမ်း အစီပွာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ် မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုး သက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

၉။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ။** ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အကြံပြုချက်ဖြင့် သတ်မှတ်တောင်းခံပါကထည့်ဝင်ရန်၊

(ခ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၁ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်း အဆိုပြုသူမှ ငွေကြေးထည့်ဝင်ရန်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ဤလက်မှတ်ပါ လုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသောလွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသောလွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်းအဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်းပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်

ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---